# ရှင်ကျင့်ဝတ် ပါဠိအနက်

## ဆရာ့ထံ သင်္ကန်းကပ်ရန်

သကလ ဝဋ္ဋဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရ-
ဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ
မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ သကလ ဝဋ္ဋဒုက္ခ နိဿရဏ-နိဗ္ဗာနဿ၊ အလုံးစုံသော သံသရာဝဋ်ဆင်းရဲ၏ ထွက်မြောက်ရာ နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်းအကျိုးငှါ။ ဣမံ ကာသာဝံ၊ တပည့်တော်၏ လက်၌ရှိသော ဤသင်္ကန်းကို။ ဂဟေတွာ၊ ယူတော်မူ၍။ မံ၊ တပည့်တော်ကို။ အနုကမ္ပံ၊ အစဉ် သနားခြင်းကို။ ဥပါဒါယ၊ စွဲ၍။ ပဗ္ဗာဇေထ၊ ရှင်သာမဏေ ဖြစ်စေတော်မူပါကုန်ဘုရား။

## ဆရာ့ထံက သင်္ကန်းကို တောင်းရန်

သကလ ဝဋ္ဋဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရ-
ဏတ္ထာယ တံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ မံ
ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဘန္တေ၊ အရှင်မြတ်ဘုရား။ သကလ ဝဋ္ဋဒုက္ခ နိဿရဏ-နိဗ္ဗာနဿ၊ အလုံးစုံသော သံသရာဝဋ်ဆင်းရဲ၏ ထွက်မြောက်ရာ နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျင်